# ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရနှင့်တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရတို့အကြား လူကုန်ကူးမှု အရှိန်မြှင့် ပူးပေါင်းတိုက်ဖျက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရနှင့်တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရတို့အား (ယခုမှစ၍ အဖွဲ့ဝင်နှစ်နိုင်ငံ ဟု ရည်ညွှန်းခေါ်ဆိုမည်။)

လူကုန်ကူးမှုကို အပြန်အလှန် ပူးပေါင်းတိုက်ဖျက်ခြင်းဖြင့် လူကုန်ကူးမှုလုပ်ရပ်များကို ထိရောက်စွာ တားဆီး နိုင်မည်ဟု အသိအမှတ်ပြုလျက်။

နယ်စပ်ဖြတ်ကျော်လူကုန်ကူးမှုများကို ကြိုတင်ကာကွယ်ခြင်း၊ စစ်ဆေးခြင်း၊ လူကုန်ကူးသူများကို အပြစ်ပေးခြင်းနှင့် လူကုန်ကူးခံရသူများအား လိုအပ်သောကာကွယ်စောင့်ရှောက်ခြင်းနှင့် ကယ်တင်ခြင်းစသည်တို့အတွက် တားဆီး နှိမ်နင်းရေးအဖွဲ့များအကြား ပူးပေါင်းဆောင်ရွက်မှု အရှိန်မြှင့်ရန်ရည်ရွယ်၍လည်းကောင်း။

စင်စစ်အားဖြင့် နှစ်နိုင်ငံအကြား နက်ရှိုင်းသော ချစ်ကြည်ရင်းနှီးမှုအရ အောက်ပါသဘောတူညီချက်များကို ရရှိခဲ့ပါကြောင်း၊

## အပိုဒ်(၁)

ဤနားလည်မှုစာချွန်လွှာ၏ ရည်ရွယ်ချက်အလို့ငှာ လူကုန်ကူးမှုကို သက်ဆိုင်ရာနိုင်ငံ၏ ပြည်တွင်းဥပဒေ နှင့် လုပ်ထုံးလုပ်နည်းများနှင့်အညီ အဓိပ္ပါယ်ဖွင့်ဆိုရန် ဖြစ်ပါကြောင်း၊

## အပိုဒ်(၂)

အဖွဲ့ဝင်နှစ်နိုင်ငံသည် မိမိတို့ပြည်တွင်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့် နှစ်နိုင်ငံစလုံးက အဖွဲ့ဝင်အဖြစ် ဝင်ရောက်ထားသော အပြည်ပြည်ဆိုင်ရာစာချုပ်များအပေါ်လိုက်နာ၍ အောက်ပါကဏ္ဍများတွင် ပူးပေါင်း ဆောင်ရွက်ကြရမည်-

(က) နိုင်ငံများအကြား လူကုန်ကူးမှုကြိုတင်ကာကွယ်ခြင်း၊ တိုက်ဖျက်ခြင်းနှင့်လူကုန်ကူးခံရသူအား ကာကွယ်စောင့်ရှောက်ခြင်း၊

(ခ) နှစ်နိုင်ငံ အကျုံးဝင်သော လူကုန်ကူးမှုခင်းများအား ပူးတွဲစုံစမ်းစစ်ဆေးခြင်း၊ မသင်္ကာသူများအား လွှဲပြောင်းပေးခြင်းနှင့်လူကုန်ကူးခံရသူများအား ပြန်လည်လွှဲပြောင်းပို့ဆောင်ခြင်း၊

(ဂ) နယ်စပ်ဖြတ်ကျော်လူကုန်ကူးမှုများ စုံစမ်းစစ်ဆေးခြင်းနှင့် လူကုန်ကူးခံရသူများအား ကာကွယ် စောင့်ရှောက်ခြင်း စသောကဏ္ဍတွင် ပူးတွဲသင်တန်းပြုလုပ်ခြင်း၊

(ဃ) နယ်စပ်ဖြတ်ကျော်လူကုန်ကူးမှုများ၊ ဆက်စပ်သည့် ဥပဒေလုပ်ထုံးလုပ်နည်းများနှင့် စပ်လျဉ်းသော သတင်းအချက်အလက်များ ဖလှယ်ခြင်း၊